**Zaw Moe Air-Con Service Dealer Contract**

Dealer Name : Reg No-

Address:

Member Types: Silver : Gold : Diamond :

Member No : Member Fees :

Member Period : One Month : 3- Months : 6 – Months :

Dealer Signature: Start Date:

Principal Signature: End Date:

ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းဖြင့် ကိုယ်စားလှယ်အဖြစ်အဖွဲ့ဝင်သူသည် အထက်ဖော်ပြပါအသင်းဝင်ကြေး နှင့် နောက်ဆက်တွဲဖော်ပြပါ စည်းကမ်းချက်များကို သဘောတူညီပြီးဖြစ်သည် ဟု မှတ်ယူမည်ဖြစ်သည်။

၁။ နိဒါန်း

Zaw Moe Thein Air-Con Sale and Service Co.,Ltd သည် တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ............................... Application နှင့် Zaw Moe Air-Con Sale and Service လုပ်ငန်းအမှတ်တံဆိပ်ကိုဥပဒေနှင့်အညီတရားဝင်ပိုင်ဆိုင်ထားသူလည်းဖြစ်ပါသည်။

ကုမ္ပဏီသည် .................... Application ကို အသုံးပြု၍ ယင်းApplication ပေါ်တွင်လည်းကောင်း ၊ Website ပေါ်တွင်လည်းကောင်း Air-Conများ၊လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝန်ဆောင်မှု ဆောင်ရွက်ခြင်းကို ဆောင်ရွက်လျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီနှင့်ချိတ်ဆက်၍ မှတ်ပုံတင်သွင်းထားသည့် ဆိုင်များကို ကိုယ်စားလှယ်ဆိုင်အဖြစ်ကြေညာသွားမည်ဖြစ်သည်။

## ၂။ ရည်ရွယ်ချက်

Zaw Moe Thein Air-Con Sale and Service Co.,Ltd သည် ကုမ္ပဏီပိုင် .............. Application နှင့် www.zawmoeaircon.com website တွင် Air-Con, Refrigerator , Washing Machine , TV & CCTV , Solar/Inverter , Home Applies , Brands New , Second , Installation , Service များကို ရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းကို အချိန်ကုန်သက်သာစွာဖြင့် ဝယ်ယူနိုင်ရန် ၊ဝန်ဆောင်မှုများ ကို ရယူနိုင်ရန်ဖြစ်သည် ။ .............. Application နှင့် www.zawmoeaircon.com website မှ တစ်ဆင့် ဝယ်ယူခြင်း၊ဝန်ဆောင်မှု ရယူခြင်းဖြင့် မှန်ကန်သောဈေးနှုန်း နှင့်အာမခံအပြည့် ပါရှိသည့်ကုမ္ပဏီကြီးများ၏အရည်အသွေးမြင့် ပစ္စည်းများ၊ စိတ်ချရသောဝန်ဆောင်မှုများ/ ပြုပြင် ထိန်းသိမ်းမှုများ ကိုရရှိမည်ဖြစ်သည်။

## ၃။ အဖွဲ့ဝင်အရောင်းကိုယ်စားလှယ်၏ အခွင့်အရေးများ

အဖွဲ့ဝင်ကိုယ်စားလှယ်ဆိုင်သည် မိမိတို့ရယူမည့် Member Cards အမျိုးအစားအလိုက် အဖွဲ့ဝင်ကြေးသွင်းသည်နှင့် -

၃.၁။ မိမိတို့ ဆိုင်အား .............. Application နှင့် www.zawmoeaircon.com websiteတွင် ကြော်ငြာတင်သွင်းခွင့်ရခြင်း။

၃.၂။ Application နှင့် www.zawmoeaircon.com website ပေါ်တွင်ရှိသည့် ပစ္စည်းများ ကို ရောင်းချခွင့်ရခြင်း။

၃.၃။ Application နှင့် www.zawmoeaircon.com website အသုံးပြုသည့် Customerများ နှင့် Near By Service ချိတ်ဆက်ခွင့်ရ၍ ဝန်ဆောင်မှုများဆောင်ရွက်နိုင်ခြင်း။

၃.၄။ ကိုယ်စားလှယ်ဆိုင်အဖြစ်အဖွဲ့ဝင်ထားသည့် ဆိုင်များ၏ Installators နှင့် Service Men များကို Trainning (၂) ရက်တက်ရောက်ခွင့်ရခြင်း။နည်းပညာ များမျှဝေပေးသားမည်ဖြစ်သည်။

၃.၅။ ကိုယ်စားလှယ်ဆိုင်များအား Application နှင့် www.zawmoeaircon.com website တွင် Slide များဖြင့် လည်း ကြော်ငြာပေးသွားမည်ဖြစ်သည် ။

၃.၆။ ကိုယ်စားလှယ်ဆိုင်များသည် ရောင်းချသည့်ပစ္စည်း၏ကုမ္ပဏီမှပေးသော ခံစားခွင့်များကို အပြည့်အဝ ခံစား ခွင့်ရှိခြင်း။

၃.၇။ ကိုယ်စားလှယ်ဆိုင်များသည် ပစ္စည်းများရောင်းချရာတွင်လည်းကောင်း ၊ Installation နှင့် Service များဆောင်ရွက်ရာတွင်လည်းကောင်း ပစ္စည်းလုံလောက်မှုမရှိခြင်း၊ လူအင်အားမလုံလောက်ခြင်းများ ကို Zaw Moe Thein Air-Con Sale and Service Co.,Ltd မှ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

## ၄။ ကိုယ်စားလှယ် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

ကိုယ်စားလှယ်အဖွဲ့ဝင်ဆိုင်များသည် အောက်ပါသတ်မှတ်ထားသည့်စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။

၄.၁။ မှတ်ပုံတင်ထားသည့်ကိုယ်စားလှယ်များသည် မိမိတို့၏ကိုယ်ပိုင်အမည်၊ အမှတ်တံဆိပ် ၊လိပ်စာအတိအကျ ဖြင့် ဆိုင်ခန်းဖွင့်လှစ်ဆောင်ရွက်သူဖြစ်ရမည့်အပြင်မိုဘိုင်းအက်စ်တွင် တိကျစွာဖော်ပြပေးရမည်။

၄.၂။ ကိုယ်စားလှယ်အဖြစ်အသင်းဝင်ကြေးအား သက်တမ်းမကုန်ဆုံးမီ (၇)ရက်အလိုတွင် ထပ်မံပေးသွင်းခြင်းဖြင့် ဤစာချုပ်အားအလိုအလျောက်သက်တမ်းတိုးပြီးဖြစ်သည်။ သတ်တမ်းတိုးငွေသွင်းခြင်း မရှိပါက ကိုယ်စားလှယ်ဆိုင်အဖြစ်မှရပ်စဲပြီး Application နှင့် www.zawmoeaircon.com website မှဖယ်ရှားသွားမည်ဖြစ်သည်။

၄.၃။ အဖွဲ့ဝင်ကိုယ်စားလှယ်ဆိုင်များသည် Zaw Moe Thein Air-Con Sale and Service Co.,Ltd မှ သတ်မှတ်ထားသည့် Application နှင့် www.zawmoeaircon.com website တွင်ရှိ ဈေးနှုန်းများ နှင့် ဝန်ဆောင်ခနှုန်းထားများအတိုင်း ရောင်းချပေးမည်။

၄.၄။ ကိုယ်စားလှယ်သည် ပစ္စည်းရောင်းချခြင်းနှင့်ဝန်ဆောင်မှုဆောင်ရွက်ခြင်းတွင် ကုမ္ပဏီမှသတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဖောက်သည်များအား အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုကိုသာပေးအပ်ရမည်။ ဖောက်သည်၏လိုအပ်ချက်နှင့် လိုက်ညီအောင်ဆောင်ရွက်ပေးရမည် ဖြစ်သည်။ လုပ်ငန်းသုံးပစ္စည်းများ စုံလင်စွာထားရှိခြင်း၊ကုမ္ပဏီမှ သက်မှတ်ထာသည့်ပုံစံအတိုင်း Customer မှတ်တမ်းများထားရှိခြင်း၊ မိမိတို့ဝန်ဆောင် မှုပေးခဲ့သည့်နေရာများမှ ပြန်လည်စီစစ်ရန် ပေါ်ပေါက်လာပါက ဦးစားပေးဆောင်ရွက်ပေးရမည်။ သွားရောက် နိုင်ခြင်းမရှိသည့်အခြေအနေတွင် ရှိပါက ကုမ္ပဏီသို့ အကြောင်းကြားပေးရမည်။

၄.၅။ သတ်မှတ်ထားသည့် ဝန်ဆောင်မှုဈေးနှုန်းများထက်ပိုမိုတောင်းခံခြင်း၊ မလိုအပ်သည့် လုပ်ဆောင်မှုများဆောင်ရွက်ခြင်း တို့ကိုရှောင်ကျဉ်ရမည်။

၄.၆။ ကိုယ်စားလှယ်ဆိုသည် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ အားဖောက်ဖြတ်ကြောင်းနှင့် ဖောက်သည် ၏ တိုင်ကြားမှုများ လက်ခံရရှိပါကလည်းကောင်း ၊ ဤစာချုပ်ပါ အချက်များကို ဖောက်ဖြတ်ကြောင်းတွေ့ရှိပါ ကလည်းကောင်း ကိုယ်စားလှယ်ဆိုင်အဖြစ်မှရပ်စဲပြီး Application နှင့် www.zawmoeaircon.com website မှဖယ်ရှား သွားမည်ဖြစ်သည့်အပြင် Black List စာရင်းတွင်ကြေညာမည်ကိုသိရှိသဘောတူပါသည်။

## ၅။ မူပိုင်ခွင့်

ကိုယ်စားလှယ်အဖွဲ့ဝင်ဆိုင်အနေဖြင့် Zaw Moe Thein Air-Con Sale and Service Co.,Ltd ပိုင် Application နှင့်ပတ်သက်၍ မူပိုင်ခွင့်တစ်ရပ်ရပ်ကို ချိုးဖောက်မည်မဟုတ်ကြောင်း တာဝန်ယူပါ သည်။ မူပိုင်ခွင့် ချိုးဖောက်ကြောင်း အကြောင်းတစ်ရပ်ရပ်အတွက် Zaw Moe Thein Air-Con Sale and Service Co.,Ltd အပေါ်ကာကွယ်ပေးရမည်ဖြစ်သည်။

## ၆။ အခွန်အခများ

ကိုယ်စားလှယ်များသည် ဤစာချုပ်ပါလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်အခွန်အခများကို ပေးဆောင်ရန် ပေးဆောင်ရမည်ဖြစ်သည်။

## ၇။ လျှို့ဝှက်ထိန်းသိမ်းခြင်း

ကိုယ်စားလှယ်သည် ယခုစာချုပ်ချုပ်ဆိုပြီး စာချုပ်သက်တမ်းကာလအတွင်းလည်းကောင်း ၊ စာချုပ်သက်တမ်း ကာလပြီးဆုံးသွားသည့်နောက်( ၃ )နှစ်အတွင်းလည်းကောင်း Zaw Moe Thein Air-Con Sale and Service Co.,Ltd ၏ Application ၊ လုပ်ငန်းအချက်အလက်များ ၊ ဖြန့်ဖြူးပစ္စည်းများ၊ နည်းပညာအချက်အလက်များ ၊လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသိဉာဏ်များ၊ ဖောက်သည်များ၊ ဈေးနှုန်းများ၊ ဈေးကွက်အချက်အလက်များ ၊ဈေးကွက်ဗျူဟာများ ၊ဖြန့်ဖြူးရေးလမ်းကြောင်းများ၊ ငွေကြေးအချက် အလက်များ၊ Business plan များ၊ သီးသန့်အချက်အလက်များ၊ လျှို့ဝှက်အချက်အလက်များ အစရှိသည်တို့ကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်စနစ်ဖြင့်ဖြစ်စေ၊ လမ်းကြောင်းတစ်ခုခုဖြင့်ဖြစ်စေ ပြောဆိုခြင်း ၊ မျှဝေခြင်း များမပြုလုပ်ရပါ ။

ကိုယ်စားလှယ်သည်မိမိအကျိုးအလို့ငှါဖြစ်စေ၊ သူတစ်ပါးအကျိုးအလို့ငှါဖြစ်စေ၊ Zaw Moe Thein Air-Con Sale and Service Co.,Ltd ၏အကျိုးယုတ်လျော့စေခြင်းအလို့ငှါဖြစ်စေ ထိုသတင်းအချက်အလက်များကို တလွဲအသုံးချခြင်း၊ ပေးအပ်ခြင်း မျိုးမပြုလုပ်ရပါ။

**၈။ ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း၊ အရေးယူဆောင်ရွက်ခြင်း။**

ကိုယ်စားလှယ်တစ်ဦးသည် စာချုပ်ပါအချက်များကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဖောက်ဖြတ်ကျူးလွန်လျှင်သော်လည်းကောင်း (က) နုတ်ဖြင့်သတိပေးခြင်း၊ (ခ) စာဖြင့်သတိပေးခြင်း၊ (ဂ) ရာသက်ပန်အဖွဲ့ဝင်အဖြစ်မှနုတ်ပယ်၍ BLACK LIST စာရင်းတွင်ထည့်သွင်းကြေညာခြင်း၊ (ဃ)တည်ဆဲ ဥပဒေများဖြင့်အရေးယူခြင်း များပြုလုပ်သွားမည်ဖြစ်ပါသည်။

**၉။ လွှမ်းမိုးသည့်ဥပဒေ နှင့်အငြင်းပွားမှုဖြေရှင်းခြင်း**

ဤသဘောတူစာချုပ်နှင့်စာချုပ်ဝင်များ၏အခွင့်အရေးနှင့် လိုက်နာရန်တာဝန်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများအရအဓိပ္ပါယ်ဖွင့်ဆို၍ အကျုံးဝင်သက်ဆိုင် စေရမည်ဖြစ်သည်။

ဤသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ စာချုပ်ဝင်များအကြား အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာ ပါက ပထမဦးစွာ နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရမည်။ ထိုသို့ညှိနှိုင်းဖြေရှင်း၍ မရပါက အဆိုပါအငြင်းပွားမှုကို မြန်မာနိုင်ငံရှိ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးသို့ တင်ပြလျှောက် ထားမည်ဖြစ်သည်။